ကရင်ပြည်နယ်အတွင်း

# ပဋိပက္ခစီးပွားရေးနှင့် ဆန်းစစ်ချက်

၂၀၂၆ ခုနှစ် မေလ



PROMOTING LEADERSHIP AND STRENGTHENING CIVIC PARTICIPATION

## မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု

၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာပြည်ဖွား Think Tank အဖွဲ့ဖြစ်ပါသည်။

---

**‘ကရင်ပြည်နယ်အတွင်း ပဋိပက္ခစီးပွားရေးနှင့် ဆန်းစစ်ချက်’**ကို ၂၀၂၆ ခုနှစ် မေ ၁၉ ရက်တွင် မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု (ISP-Myanmar)က ထုတ်ဝေပါသည်။ ISP-Myanmar က လုပ်ဆောင်နေသော သုတေသနနယ်ပယ်နှင့် ဆက်စပ်မှုရှိခြင်းကို အခြေပြုပြီး (၁) Tracker (၂) Situation Brief (၃) Policy Brief (၄) Flash Update (၅) ISP On Point (၆) The State of Myanmar (၇) ‘ISP နှင့်အတူ မိနစ် ၃၀’ ဆွေးနွေးမှုအစီအစဉ်တို့ကိုလည်း စဉ်ဆက်မပြတ် ထုတ်ဝေဖြန့်ချိနေပြီး ISP-Myanmar ၏ ဝက်ဘ်ဆိုက်တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

# မာတိကာ


၁။ တွေ့ရှိချက်အကျဉ်းချုပ် ၄

၂။ သုတေသနဆန်းစစ်ချက်၏ ရည်ရွယ်ချက် ၅

၃။ သုတေသနည်းနာ၊ လူဦးရေနှင့် နယ်မြေအချက်အလက်အကျဉ်း ၇

၄။ တွေ့ရှိချက်များ ၈

- ၄.၁။ အခြေခံအဆောက်အအုံဆိုင်ရာ လေ့လာတွေ့ရှိချက် ၈
- ၄.၂။ ကုန်သွယ်လမ်းကြောင်းဆိုင်ရာ လေ့လာတွေ့ရှိချက် ၁၀
- ၄.၃။ အခွန်ဂိတ်ဆိုင်ရာ လေ့လာတွေ့ရှိချက် ၁၂
- ၄.၄။ သတ္တုတွင်းဆိုင်ရာ လေ့လာတွေ့ရှိချက် ၁၂
- ၄.၅။ အွန်လိုင်းလိမ်လည်မှု ကျားဖြန့်လုပ်ငန်းများ အခြေအနေ ၁၄

၅။ နိဂုံး ၁၆

နောက်ဆက်တွဲ ၁၇

## ၁

# တွေ့ရှိချက်အကျဉ်းချုပ်

ကရင်ပြည်နယ်အတွင်းက ပဋိပက္ခစီးပွားရေးအပေါ် အခြေခံတဲ့ မက်လုံးနဲ့ အကျိုးစီးပွားတွေထဲမှာ ကုန်သွယ်လမ်းကြောင်းတွေကနေရရှိတဲ့ အခွန်ဝင်ငွေဟာ အဓိကကျပါတယ်။ တည်နေရာ၊ စီးပွားရေးနဲ့ လုံခြုံရေးအရ အရေးပါတဲ့ အခြေခံအဆောက်အအုံ၊ ကုန်သွယ်လမ်းကြောင်းအများစုကို မြန်မာစစ်တပ်အပြင် သူတို့နဲ့ အကျိုးစီးပွားယှက်နွယ်နေတဲ့ ကရင်လက်နက်ကိုင်တွေက ဆက်လက်ထိန်းချုပ်ထားပါတယ်။ သတ္တုတွင်းကဏ္ဍမှာတော့ ဗျူဟာမြောက်ဖြစ်တဲ့ ခနောက်စိမ်းသတ္တုတွင်းတွေကို မြန်မာစစ်တပ်နဲ့ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNU/KNLA) တို့ ထက်ဝက်စီ ထိန်းချုပ်ထားပါတယ်။ စီးပွားရေးနဲ့ ပထဝီအနေအထားအရ ဆက်နွယ်မှုရှိတဲ့ အိမ်နီးချင်း ထိုင်းနိုင်ငံကလည်း ကရင်လက်နက်ကိုင်တွေအပေါ်မှာ လွှမ်းမိုးနိုင်စွမ်း အကန့်အသတ်ရှိနေပါတယ်။ အွန်လိုင်းလိမ်လည်မှု ကျားဖြန့်လုပ်ငန်းအပါအဝင် သယံဇာတရောင်းချမှုနဲ့ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုအသွင်ဆောင်တဲ့ စီးပွားရေးလုပ်ငန်းတွေကလည်း ကရင်ပြည်နယ်အတွင်း လက်နက်ကိုင်တွေ ဆက်လက်ရပ်တည်နေနိုင်ဖို့နဲ့ ကြီးထွားဖို့ကို အထောက်အပံ့ပေးနေပါတယ်။ ကရင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေကို ဆန်းစစ်တဲ့အခါ စီးပွားရေးအရ အရေးပါတဲ့ နယ်မြေတွေကို ထိန်းချုပ်နိုင်ဖို့ ဦးတည်ကြိုးပမ်းတာ တွေ့ရပါတယ်။ လက်ရှိမှာ တဖက်ဖက်က အပြတ်မနိုင်တော့တဲ့၊ ဘယ်သူမှ ယတိပြတ် မရှုံးနိုင်တော့ဘူး(stalemate)ဆိုတဲ့အဆင့်ကို ရောက်နေပါတယ်။ ဒါပေမဲ့ လက်နက်ကိုင်အဖွဲ့အသီးသီးက ကိုယ့်ရဲ့ရပ်တည်မှုကို ခိုင်မာအောင် ကြိုးစားနေမှာဖြစ်လို့ တိုက်ပွဲတွေ ဆက်ပြီး ရှည်ကြာနေဦးမယ့် အလားအလာမျိုး တွေ့ရပါတယ်။

၂

## သုတေသနဆန်းစစ်ချက်၏ ရည်ရွယ်ချက်

ကရင်ပြည်နယ်အတွင်း ပဋိပက္ခစီးပွားရေးဆိုင်ရာ သုတေသနဆန်းစစ်ချက်ကို လုပ်ဆောင်ရာမှာ နိုင်ငံအတွင်း ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေနဲ့စပ်လျဉ်းပြီး အဖြေရှာတဲ့အခါ နည်းလမ်းပေါင်းစုံရှိတဲ့အထဲက စီးပွားရေးအကျိုးအမြတ်တွေကနေတဆင့် ပဋိပက္ခလျှော့ချပြီး နိုင်ငံရေးအရ အဖြေရှာနိုင်ဖို့ ဖြစ်နိုင်သလားဆိုတဲ့ ကနဦးယူဆချက်တွေအပေါ် အခြေခံခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ပိုမိုဆိုးရွားလာတဲ့ ပဋိပက္ခအခင်းအကျင်းဟာ ၂၀၂၅ ခုနှစ်မှာတော့ တဖက်ဖက်က အပြတ်မနိုင်တော့တဲ့၊ ဘယ်သူမှ ယတိပြတ်မရှုံးနိုင်တော့ဘူး (stalemate) ဆိုတဲ့အဆင့် ရောက်ခဲ့ပါတယ်။ ဒီအခြေအနေမှာ မြန်မာ့ပဋိပက္ခကို အဖြေရှာဖို့ နိုင်ငံတကာက ကြိုးပမ်းတဲ့အခါ (၁) နိုင်ငံတကာ လူသားချင်းစာနာမှုအကူအညီတွေကတဆင့် ဆွေးနွေးမှုတွေဖြစ်လာဖို့နဲ့ (၂) တရုတ်နိုင်ငံက ကြိုးပမ်းနေတဲ့ စီးပွားရေးမက်လုံး (ဝါ) အကျိုးအမြတ်တွေကတဆင့် ပဋိပက္ခကိုလျှော့ချဖို့ဆိုတဲ့ လမ်းနှစ်သွယ်ကို သတိပြုစရာဖြစ်ပါတယ်။ ဒီနေရာမှာ မြန်မာ့ပဋိပက္ခဇာတ်ကောင်တွေအပေါ် ဩဇာလွှမ်းမိုးမှုရှိတဲ့ တရုတ်အစိုးရရဲ့ ချဉ်းကပ်ကိုင်တွယ်ပုံတွေမှာ စီးပွားရေးမက်လုံး၊ အကျိုးအမြတ်တွေကတဆင့် ပဋိပက္ခလျှော့ချရေးလုပ်ငန်းစဉ်ကို လုပ်လေ့ရှိတာဟာ လျစ်လျူရှုထားလို့မရတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည် ဖွတ်ဖွတ်ညက်ညက်ကြေတော့မှ ပြဒါးတလမ်းသံတလမ်း သူနိုင်ကိုယ်ရှုံး (zero-sum) အခြေအနေထက်စာရင် အနိမ့်ဆုံးအဆင့် ပြည်သူလူထုအတွက် ကြာရှည်ထိခိုက်နစ်နာစရာမဖြစ်အောင် ပြောင်းလဲပေးနိုင်မယ့် အခွင့်အလမ်းတွေကို ဆန်းစစ်လေ့လာဖို့လိုပါတယ်။ တဖက်မှာလည်း ၁၉၉၀ ပြည့်နှစ်နဲ့ ၂၀၀၀ ပြည့်လွန်နှစ်တွေမှာ ဖြစ်ခဲ့တဲ့ လက်နက်ကိုင်တွေနဲ့ ခရိုနီလုပ်ငန်းရှင်ကြီးတွေကိုသာ အကျိုးများစေခဲ့တဲ့ အပစ်ရပ်ခရိုနီအရင်းရှင်စနစ် (ceasefire crony capitalism) ရဲ့ ဆိုးကျိုးတွေ ထပ်ပေါ်မလာအောင် သတိပြုရပါမယ်။

ဘယ်လိုပဲဖြစ်ဖြစ် အိမ်နီးချင်းတွေနဲ့ပါ အကျိုးစီးပွားယှက်နွယ်နေတဲ့ နယ်ပယ်တွေထဲက သုံးခုဖြစ်တဲ့ အခြေခံအဆောက်အအုံစီမံကိန်း၊ သယံဇာတထုတ်ယူမှုနဲ့ နယ်စပ်ကုန်သွယ်ရေး ဆိုတဲ့ ကဏ္ဍတွေမှာ လူထုအကျိုးဖြစ်ထွန်းစေဖို့ ထိရောက်တဲ့မူဘောင်တွေ ချထားဖို့လိုပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံအတွင်းက အာဏာသိမ်းမှုအလွန် လက်နက်ကိုင်ပဋိပက္ခမှာ ပါဝင်နေတဲ့ အုပ်စုအသီးသီးရဲ့ ပဋိပက္ခစီးပွားရေးဆိုင်ရာ အကျိုးစီးပွားတွေနဲ့ ဒီအကျိုးစီးပွားတွေက ဘယ်လိုနေရာတွေမှာ ဆုံချက်ကျနေသလဲဆိုတာ ခွဲခြမ်းကြည့်ခဲ့ပါတယ်။




ယခုဆန်းစစ်ချက်ပါ ဒေတာအချက်အလက်တွေကို
အခြေခံဆွေးနွေးထားတဲ့ ‘ISP နှင့်အတူ မိနစ် ၃၀’အစီအစဉ် အမှတ်-၁၃ ကို
ISP-Myanmar ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။

၇

## သုတေသနနည်းနာ၊ လူဦးရေနှင့် နယ်မြေအချက်အလက်အကျဉ်း

အာဏာသိမ်းမှုအလွန် မြန်မာ့ပဋိပက္ခမှာပါဝင်နေတဲ့ အုပ်စုတွေရဲ့ ပဋိပက္ခစီးပွားရေးအပေါ် အခြေခံတဲ့ အကျိုးစီးပွားနဲ့ အခွင့်အလမ်းတွေကို ခွဲခြမ်းစိတ်ဖြာတဲ့အခါ အရည်အသွေးနဲ့ အရေအတွက်စံပြု သုတေသနနည်းနာတွေ ပေါင်းစပ်ထားတဲ့ ရောနှောသုတေသနနည်းနာကို အသုံးပြုခဲ့ပါတယ်။ လေ့လာမှုကို ၂၀၂၅ ခုနှစ် ဇွန်လကနေ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း လုပ်ဆောင်ခဲ့ပါတယ်။ ကရင်ပြည်နယ်အတွင်းက သံတောင်ကြီး၊ မြဝတီ၊ ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ်၊ ဖာပွန်၊ ဘားအံနဲ့ လှိုင်းဘွဲ့ စတဲ့ မြို့နယ်ခုနစ်ခုကို လေ့လာခဲ့ပါတယ်။ မြဝတီ၊ ကြာအင်းဆိပ်ကြီး၊ ဖာပွန်နဲ့ လှိုင်းဘွဲ့မြို့နယ်တွေဟာ ထိုင်းနိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေပါတယ်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ ကရင်ပြည်နယ်မှာ လူဦးရေ ၁ ဒသမ ၅ သန်းဝန်းကျင်ရှိပါတယ်။ ၁ ဒသမ ၂ သန်းဟာ ကျေးလက်မှာ နေကြပါတယ်။ ကရင်၊ ဗမာ၊ မွန်နဲ့ ရှမ်းတိုင်းရင်းသားတွေ အများဆုံးနေပါတယ်။ လက်နက်ကိုင်အဖွဲ့တွေအနေနဲ့ မြန်မာစစ်တပ်အပြင် ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNU/KNLA)၊ ကရင်နယ်ခြားစောင့်တပ် (BGF)၊ ကရင်အမျိုးသားတပ်မတော် (KNA)၊ ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော်(DKBA)၊ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)နဲ့ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF)တွေ အခြေစိုက် လှုပ်ရှားနေပါတယ်။

၄

# တွေ့ရှိချက်များ

## ၄.၁။ အခြေခံအဆောက်အအုံဆိုင်ရာ လေ့လာတွေ့ရှိချက်

ကရင်ပြည်နယ်အတွင်း မြို့နယ်ခုနစ်ခုမှာ လမ်း၊ တံတား၊ ဓာတ်အားပေးစက်ရုံနဲ့ နယ်စပ်ကုန်သွယ်ရေးစခန်း စတဲ့ အခြေခံအဆောက်အအုံပေါင်း ၁၀၄ ခု တွေ့ရှိခဲ့ပါတယ်။ ဒါတွေအပေါ် လက်နက်ကိုင်တပ်တွေရဲ့ ထိန်းချုပ်ထားမှုကိုကြည့်ရင် ၆၄ ခု (အခြေခံအဆောက်အအုံစုစုပေါင်း၏ ၆၁ ရာခိုင်နှုန်း)ကို မြန်မာစစ်တပ်က အပြည့်အဝ ထိန်းချုပ်ထားပါတယ် **[ISP ဒေတာအချက်အလက် ၄၀/၂၀၂၆ (ISP-DM2026-040) ကို ရှုပါ]**။ KNA၊ BGF၊ KNU/KNLA-PC၊ DKBA တို့နဲ့ မြန်မာစစ်တပ်အကြား တရားဝင်သဘော မဟုတ်ပေမဲ့ နားလည်မှုဆန်တဲ့ သဘောမျိုးနဲ့ (ညှိနှိုင်း/မျှဝေ)ထိန်းချုပ်ထားတာ ၁၆ ခု ရှိပါတယ်။ ၁၃ ခုကို ထိန်းချုပ်နိုင်ဖို့အတွက် KNU/KNLA နဲ့ မြန်မာစစ်တပ်အကြား အားပြိုင်နေရပါတယ်။


အခြေခံအဆောက်အအုံ ၁၀၄ ခုကို စစ်ထုတ်ကြည့်တဲ့အခါ ၁၇ ခုဟာ 'အရေးပါမှုမြင့်မား'ပါတယ်[၁]။ အဲဒီအထဲက ၁၀ ခု (၅၉ ရာခိုင်နှုန်း)ကို မြန်မာစစ်တပ်က အပြည့်အဝ ထိန်းချုပ်ထားပြီး မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေနဲ့ လမ်းပိုင်းတွေ ပါဝင်ပါတယ် **[ISP ဒေတာအချက်အလက် ၄၁/၂၀၂၆ (ISP-DM2026-041) ကို ရှုပါ]**။ ခြောက်ခုကိုတော့ မြန်မာစစ်တပ်ဟာ KNA၊ DKBA၊ KNU/KNLA-PC၊ BGF တို့နဲ့ ညှိနှိုင်း/မျှဝေ ထိန်းချုပ်ထားပြီး ကျန်တခုကိုထိန်းချုပ်နိုင်ဖို့အတွက် KNU/KNLA နဲ့ အားပြိုင်နေရပါတယ်။ ဒါကြောင့် ကရင်ပြည်နယ်အတွင်း တည်နေရာ၊ စီးပွားရေးနဲ့

၁ ယခုလေ့လာဆန်းစစ်မှုတွင် ဖော်ပြထားသော လမ်း၊ တံတား၊ ဓာတ်အားပေးစက်ရုံ၊ နယ်စပ်ကုန်သွယ်ရေးစခန်း စသည့် အခြေခံအဆောက်အအုံများ၊ ကုန်သွယ်ရေးလမ်းကြောင်းများ၊ အခွန်ဂိတ်များနှင့် သတ္တုတွင်းများ၏ အရေးပါမှုအဆင့်သတ်မှတ်ပုံနည်းနာကို **နောက်ဆက်တွဲ** တွင် ဖော်ပြထားပါသည်။

ISP-MYANMAR • ISP-DM2026-040

## ကရင်ပြည်နယ်ရှိ အခြေခံအဆောက်အအုံများကို မြန်မာစစ်တပ်က အများဆုံးထိန်းချုပ်ထား


ကရင်ပြည်နယ်ရှိ မြို့နယ်**ခုနစ်ခု**တွင် မြန်မာစစ်တပ်အပါအဝင် လက်နက်ကိုင်တပ်ဖွဲ့များက ထိန်းချုပ်ထားသော လမ်း၊ တံတား၊ ဓာတ်အားပေးစက်ရုံနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းစသည့် အခြေခံအဆောက်အအုံပေါင်း **၁၀၄ ခု**ရှိသည်။ ထို အထဲမှ **၆၄ ခု (၆၁ ရာခိုင်နှုန်း)**ကို မြန်မာစစ်တပ်က အပြည့်အဝထိန်းချုပ်ထားသည်။




ISP-MYANMAR • ISP-DM2026-041

## အရေးပါသော အခြေခံအဆောက်အအုံ ၅၉ ရာခိုင်နှုန်းကို မြန်မာစစ်တပ် ထိန်းချုပ်ထား

ကရင်ပြည်နယ်အတွင်း တည်နေရာ၊ စီးပွားရေးနှင့် လုံခြုံရေးအရ အရေးပါမှုမြင့်မားသော အခြေခံအဆောက်အအုံ **၁၇ ခု** ရှိပါသည်။ ထိုအထဲမှာ **၁၀ ခု (၅၉ ရာခိုင်နှုန်း)**ကို မြန်မာစစ်တပ်က ထိန်းချုပ်ထားပြီး **ခြောက်ခု (၃၅ ရာခိုင်နှုန်း)**ကိုလည်း မြန်မာစစ်တပ်နှင့် BGF၊ KNA၊ DKBA၊ KNU/KNLA-PC စသည့် ကရင်လက်နက်ကိုင်အဖွဲ့များက (တရားဝင်သဘောမဟုတ် သည့်တိုင်) ညှိနှိုင်း/မျှဝေထိန်းချုပ်ထားသည်။




**ဒေတာအချက်အလက်-၂၀၂၆ ခုနှစ် မတ် ၁၂ ရက်အထိ။** ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်သည်။ ဒေတာရရှိမှု အကန့် အသတ်နှင့် နည်းနာပိုင်းမှုကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

လုံခြုံရေးအရ အရေးပါမှုမြင့်မားတဲ့အခြေခံအဆောက်အအုံတွေရဲ့ ရာခိုင်နှုန်းအများစုကို မြန်မာစစ်တပ်က ထိန်းချုပ်ထားတယ်လို့ ဆိုရမှာပါ။ ဒါ့အပြင် BGF၊ KNA၊ DKBA နဲ့ KNU/KNLA-PC တို့ကလည်း ကုန်သွယ်ရေးမှာ အဓိကကျတဲ့ လမ်းပိုင်းနဲ့ ဂိတ်တွေကို တရားဝင်သဘောမျိုးမဟုတ်ဘဲ မျှဝေထိန်းထားတဲ့အတွက် မြန်မာစစ်တပ်နဲ့ အကျိုးစီးပွားထပ်တူကျနေပါတယ်။ KNU/KNLA ဟာ ကရင်ပြည်နယ်အတွင်း အရေးပါမှုမြင့်မားတဲ့ အခြေခံအဆောက်အအုံတခုမှ အပြည့်အဝ ထိန်းချုပ်နိုင်တာမျိုးမရှိတာ တွေ့ရပါတယ်။

## ၄.၂။ ကုန်သွယ်လမ်းကြောင်းဆိုင်ရာ လေ့လာတွေ့ရှိချက်


ကရင်ပြည်နယ်အတွင်းမှာ မြန်မာ-ထိုင်းကုန်သွယ်ရေးအတွက် အဓိကကျတဲ့ ကုန်သွယ်ရေးလမ်းကြောင်း ခုနစ်ခု တွေ့ရပါတယ်။ ဒီအထဲမှာ ပုံမှန်လမ်းကြောင်းနဲ့ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားချိန်မှာ အစားထိုးသုံးခဲ့တဲ့ လမ်းကြောင်းတွေ ပါပါတယ်။ အမှတ်-၁ အာရှလမ်းမကြီး၊ ကော့ကရိတ်-မြဝတီ (လမ်းဟောင်း)[၂]နဲ့ မော်လမြိုင်-မုဒုံ-ကြာအင်းဆိပ်ကြီး-ဘုရားသုံးဆူလမ်းတို့ဟာ ပုံမှန်လမ်းကြောင်းတွေဖြစ်ပြီး ထို့ကော်ကိုးလမ်း၊ ကြက်ဥတောင်လမ်း၊ ၁၀၁၈ လမ်းနဲ့ ရင်ကွဲတောင်လမ်းတွေဟာ အစားထိုးလမ်းကြောင်းတွေ ဖြစ်ပါတယ်။

အာရှလမ်းမကြီး၊ ကော့ကရိတ်-မြဝတီ (လမ်းဟောင်း)နဲ့ ဘုရားသုံးဆူလမ်းတွေဟာ ‘အရေးပါမှုမြင့်မား’တဲ့အထဲ ပါဝင်ပါတယ်။ ထို့ကော်ကိုးလမ်းနဲ့ ၁၀၁၈ လမ်းကတော့ ‘အရေးပါမှုအလယ်အလတ်’ ရှိပါတယ်။ အာရှလမ်းမကြီး (ကရင်ပြည်နယ်အတွင်း ဖြတ်သန်းမှု ၁၆၉ ကီလိုမီတာဝန်းကျင်)ကို အပိုင်းလိုက်ဖြတ်ကြည့်ရင် ငါးပိုင်းရှိတဲ့အထဲမှာ လေးပိုင်းကို မြန်မာစစ်တပ်က ထိန်းချုပ်ထားပါတယ်။ ကျန်တပိုင်းကိုတော့ မြန်မာစစ်တပ်က KNA၊ BGF တွေနဲ့ ညှိနှိုင်း/မျှဝေထိန်းချုပ်ထားပါတယ်။ ကော့ကရိတ်-မြဝတီ (လမ်းဟောင်း)ကို KNU/KNLA နဲ့ PDF ပူးပေါင်းတပ်တွေနဲ့အပြိုင် မြန်မာစစ်တပ်က ထိန်းချုပ်ထားပါတယ်။ ကျန်အစားထိုးလမ်းဖြစ်တဲ့ ၁၀၁၈ လမ်းကို KNA က အပြည့်အဝထိန်းချုပ်ထားပြီး ရင်ကွဲတောင်လမ်းကို KNA၊ BGF နှင့် KNU/KNLA-PC တို့က ညှိနှိုင်း/မျှဝေထိန်းချုပ်ထားပါတယ်။ ကြက်ဥတောင်လမ်းကိုတော့ KNU/KNLA-PC နဲ့ မြန်မာစစ်တပ်က ညှိနှိုင်း/မျှဝေထိန်းချုပ်ထားပါတယ်။ ထူးခြားချက်အနေနဲ့ ထို့ကော်ကိုးလမ်းမှာ ကရင်လက်နက်ကိုင်အဖွဲ့စုံရှိနေပါတယ် [**ISP ညွှန်းပြမြေပုံ ၁၈/၂၀၂၆ (ISP-M2026-018) ကို ရှုပါ**]။ ကနဦးဆန်းစစ်ချက်တွေအရ မြန်မာ-ထိုင်းကုန် သွယ်ရေးအတွက် အရေးပါတဲ့လမ်းကြောင်းတွေကို မြန်မာစစ်တပ်က အများဆုံး

၂ ကော့ကရိတ်-မြဝတီ(လမ်းဟောင်း) ဆိုသည်မှာ အာရှလမ်းမကြီး(လမ်းဟောင်း)ကိုဆိုလိုသည်။ ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်ရေးတိုးမြှင့်ရန် လမ်းဟောင်းအစား အာရှလမ်းမကြီး(လမ်းသစ်)ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ထိုင်းနိုင်ငံမှ အိမ်နီးချင်းနိုင်ငံများ စီးပွားဖွံ့ဖြိုးဆောင်ရွက်ရေးအေဂျင်စီ (NEDA)နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့၏ အကူအညီဖြင့် ထပ်မံဖောက်လုပ်ခဲ့သည်။

# ပင်မကုန်သွယ်ရေးလမ်းကြောင်းအများစုကို မြန်မာစစ်တပ် ပြန်လည်ထိန်းချုပ်ထား

အမှတ်-၁ အာရှလမ်းမကြီး (ကရင်ပြည်နယ်အတွင်းဖြတ်သန်းမှု ၁၆၉ ကီလိုမီတာဝန်းကျင်)ကို အပိုင်းလိုက်ခွဲကြည့်ပါက ငါးပိုင်းရှိသည့်အနက် လေးပိုင်းကို မြန်မာစစ်တပ်က ထိန်းချုပ်ထားသည်။ ကျန်အပိုင်းကို KNA၊ BGF တို့နှင့်အတူ မြန်မာစစ်တပ်က (တရားဝင်သဘောမဟုတ်သည့်တိုင်) ညှိနှိုင်း/မျှဝေထိန်းချုပ်ထားသည်။ ကော့ကရိတ်-မြဝတီ(လမ်းဟောင်း)ကို KNU/KNLA၊ PDF ပူးပေါင်းတပ်များနှင့်အပြိုင် မြန်မာစစ်တပ်က ထိန်းချုပ်ထားပါသည်။ ကျန်အစားထိုးလမ်းဖြစ်သော ၁၀၁၈ လမ်းကို KNA က အပြည့်အဝထိန်းချုပ်ထားပြီး ရင်ကွဲတောင်လမ်းကို KNA၊ BGF နှင့် KNU/KNLA-PC တို့က ညှိနှိုင်း/မျှဝေထိန်းချုပ်ထားသည်။ ကြက်ဥတောင်လမ်းကို KNU/KNLA-PC နှင့် မြန်မာစစ်တပ်က ညှိနှိုင်း/မျှဝေထိန်းချုပ်ထားပါသည်။ ထို့ကော်ကိုးလမ်းတွင်မူ လက်နက်ကိုင်အဖွဲ့စုံရှိနေသည်။




**ဒေတာအချက်အလက်-၂၀၂၆ ခုနှစ် ဧပြီ ၂ ရက်အထိ။** ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်သည်။ ဒေတာရရှိမှု အကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

ထိန်းချုပ်ထားသလို ကျန်လမ်းပိုင်းတွေမှာလည်း သူနဲ့နီးစပ်တယ်လို့ယူဆနိုင်တဲ့ KNA နဲ့ DKBA တို့က ထိန်းချုပ်ထားပါတယ်။ အစားထိုးလမ်းကြောင်းတွေကိုကြည့်ရင်လည်း KNU/KNLA-PC နဲ့ KNA တို့က အများဆုံးထိန်းချုပ်ထားတာ တွေ့ရပါတယ်။

## ၄.၃။ အခွန်ဂိတ်ဆိုင်ရာလေ့လာတွေ့ရှိချက်


မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးအတွက် အသုံးပြုနေတဲ့ လမ်းတွေမှာ တရားဝင်အခွန်ကောက်ခံတဲ့ဂိတ်တွေရော၊ လက်နက်ကိုင်အဖွဲ့ပေါင်းစုံကကောက်ခံတဲ့ ဂိတ်တွေလည်း ရှိပါတယ်။ ကုန်သွယ်လမ်းကြောင်းတွေပေါ်က အခွန်ဂိတ်တွေရဲ့တည်ရှိမှုနဲ့ အဖွင့်အပိတ်သဘောသဘာဝက တိုက်ပွဲဖြစ်ပွားမှုနဲ့ ကုန်စည်စီးဆင်းမှုအပေါ် မူတည် ပြောင်းလဲတတ်ပါတယ်။ ကနဦးလေ့လာမှုတွေအရ ကရင်ပြည်နယ်အတွင်း အာရှလမ်းမကြီး (လမ်းသစ်နဲ့ လမ်းဟောင်း) ပေါ်မှာတင် အခွန်ဂိတ်ကြီး ၁၂ ခုထက်မနည်း ရှိနေပါတယ်။ ဒီအထဲက ငါးဂိတ်ကို မြန်မာစစ်တပ်က အပြည့်အဝ ထိန်းချုပ်ထားပါတယ်။ ဒါ့အပြင် မြန်မာစစ်တပ်ဟာ ဂျိုင်းတံတား (ကော့ကရိတ်) ဂိတ်၊ မဲကနယ်တံတားဂိတ်နဲ့ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းတို့ကို KNAနဲ့ BGF၊ သဃ်န်းညီနောင်ဂိတ်ကို KNA၊ KNU/KNLA-PC တို့နဲ့ပါ တရားဝင်သဘောမဟုတ်ပေမဲ့ ညှိနှိုင်း/မျှဝေထိန်းချုပ်ထားပါတယ်။ ကော့ကရိတ်-မြဝတီ(လမ်းဟောင်း)က ဂိတ်တွေကိုတော့ KNU/KNLA က ထိန်းချုပ်ထားပါတယ်။ မြန်မာ-ထိုင်း ကုန်သွယ်လမ်းကြောင်းပေါ်မှာ နောက်ထပ်အရေးပါတဲ့ ဘုရားသုံးဆူနယ်စပ်ကုန်သွယ်ရေးဂိတ်ကို DKBA နဲ့အတူ မြန်မာစစ်တပ်က ညှိနှိုင်း/မျှဝေထိန်းချုပ်ထားတယ်လို့ ဆိုရမှာပါ။ ကော့ကရိတ်-မြဝတီ လမ်းဟောင်းက တောင်ပေါ်ဂိတ်နဲ့ တောင်အောက်ဂိတ်တွေကို KNU/KNLA က အပြည့်အဝ ထိန်းချုပ်ထားပါတယ်။ အစားထိုးလမ်းကြောင်းဖြစ်တဲ့ ထို့ကော်ကိုးလမ်းမှာ ၂၄ ဂိတ်ရှိပြီး ဒီဂိတ်တွေဟာ အတည်တကျမဟုတ်ဘဲ အခြေအနေပေါ်မူတည်ပြီး ဖွင့်လိုက်၊ ပိတ်လိုက် ဖြစ်နေတာကြောင့် ကွဲလွဲမှုရှိနိုင်ပါတယ်။ ထို့ကော်ကိုးလမ်းပေါ်က ဂိတ်တွေကို KNU/KNLA၊ KNA၊ KNU/KNLA-PC နဲ့ PDF စတဲ့ လက်နက်ကိုင်အဖွဲ့အသီးသီးက ထိန်းချုပ်ထားပါတယ်။

## ၄.၄။ သတ္တုတွင်းဆိုင်ရာ လေ့လာတွေ့ရှိချက်

ကရင်ပြည်နယ်အတွင်းမှာ သတ္တုတွင်းလုပ်ကွက် ၁၅ ခုထက်မနည်းရှိပါတယ်။ သတ္တုတွင်းအများစုဟာ လှိုင်းဘွဲ့မြို့နယ်ထဲမှာရှိပြီး ခုနစ်ခုရှိပါတယ်။ ကြာအင်းဆိပ်ကြီးမြို့နယ်မှာ သုံးခု၊ ဘားအံမြို့နယ်မှာ နှစ်ခု၊ ဖာပွန်မြို့နယ်မှာ နှစ်ခုနဲ့ ကော့ကရိတ်မြို့နယ်မှာ တခုရှိပါတယ်။ သတ္တုတူးဖော်မှုတွေကို ဆန်းစစ်ရင် ဂေါဒန်ကျောက်ထုတ်တဲ့လုပ်ကွက်တွေက အများဆုံးဖြစ်ပါတယ်။ ခနောက်စိမ်းက ဒုတိယအများဆုံးပါပဲ [ISP **ညွှန်းပြမြေပုံ ၁၉/၂၀၂၆** (ISP-

# KNU/KNLA တပ်မဟာနယ်မြေများရှိ သတ္တုတွင်းများ

တပ်မဟာ ၅ နယ်မြေတွင် ရွှေတွင်းများ၊ တပ်မဟာ ၆ နယ်မြေတွင် ခနောက်စိမ်းတွင်းများနှင့် တပ်မဟာ ၇ နယ်မြေတွင် ဂေါ်ဒန်ကျောက်တွင်းများ တွေ့ရှိရသည်။ KNU/KNLA ကို တပ်မဟာ ခုနစ်ခုဖြင့် ဖွဲ့စည်းထားပြီး တပ်မဟာ ၅၊ ၆ နှင့် ၇ တို့သည် ကရင်ပြည်နယ်တွင် အခြေစိုက်ကြသည်။




**ဒေတာအချက်အလက်-၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်အထိ။** ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်သည်။ ဒေတာရရှိမှု အကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

M2026-019) ကိုရှုပါ]။ သတ္တုတွင်းလုပ်ကွက်တွေထဲက ၁၀ ခု (၆၆ ဒသမ ၇ ရာခိုင်နှုန်း)ကို KNU/KNLA က ထိန်းချုပ်ထားပြီး ကျန်ငါးခု (၃၃ ဒသမ ၃ ရာခိုင်နှုန်း) ကို မြန်မာစစ်တပ်က ထိန်းချုပ်ထားပါတယ်။ ဒီအထဲမှာ 'အရေးပါမှုမြင့်မား'တဲ့ သတ္တုတွင်းလုပ်ကွက် လေးခုရှိပြီး ခနောက်စိမ်းထွက်ပါတယ်။ မြန်မာစစ်တပ်က နှစ်ခုနဲ့ KNU/KNLA က နှစ်ခု ထိန်းချုပ်ထားပါတယ်။ ခနောက်စိမ်း (Antimony) ဟာ တရုတ်နိုင်ငံ၊ ဥရောပသမဂ္ဂနဲ့ အမေရိကန်ပြည်ထောင်စုတို့ရဲ့ ဗျူဟာမြောက်သတ္တုစာရင်းမှာ ပါဝင်နေပါတယ်။


အမေရိကန်ဘူမိဆိုင်ရာသုတေသနအဖွဲ့ (U.S Geological Survey)ရဲ့ အစီရင်ခံစာတွေအရ ပြီးခဲ့တဲ့ သုံးနှစ်တာအတွင်း နိုင်ငံအလိုက် ခနောက်စိမ်းထုတ်လုပ်တဲ့နေရာမှာ မြန်မာနိုင်ငံက သုံးနှစ်ဆက်တိုက် စတုတ္ထအများဆုံး ဖြစ်နေပါတယ်။ ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ အချက်အလက်တွေအရ မြန်မာဘက်က ခနောက်စိမ်းကို အိမ်နီးချင်းထိုင်းနိုင်ငံဆီ အများဆုံးတင်ပို့နေပါတယ်။ 'အရေးပါမှု အလယ်အလတ်'ဖြစ်တဲ့ သတ္တုတွင်းက သုံးတွင်းရှိပြီး ရွှေတွင်းနှစ်ခုကို KNU/KNLA က ထိန်းချုပ်ထားပြီး မြန်မာစစ်တပ်ကတော့ ထုံးကျောက်တွင်းကို ထိန်းချုပ်ထားပါတယ်။

## ၄.၅။ အွန်လိုင်းလိမ်လည်မှု ကျားဖြန့်လုပ်ငန်းများ အခြေအနေ

ကရင်ပြည်အတွင်းက ပဋိပက္ခစီးပွားရေးကိုပြောရာမှာ အွန်လိုင်းလိမ်လည်မှု ကျားဖြန့်လုပ်ငန်းတွေ အခြေစိုက်လှုပ်ရှားနေကြတာကိုလည်း ချန်လုပ်ထားလို့ မရပါဘူး။ ၂၀၂၅ ခုနှစ်အတွင်းမှာပဲ မြဝတီမြို့နယ်အတွင်း ကျားဖြန့်လုပ်ငန်းတွေရှိနေတဲ့ ရွှေကုက္ကိုလ်နဲ့ KK Park တို့လို နေရာတွေကို ဝင်ရောက်စီးနင်းတာ၊ အဆောက်အအုံဖျက်ဆီးတာတွေ လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ကရင်ပြည်နယ်အတွင်းမှာတင် ကျားဖြန့်လုပ်ငန်းတွေဟာ နေရာပြောင်း၊ အသွင်ပြောင်းပြီး ဆက်လက် လည်ပတ်နေကြပါတယ်။ အထူးသဖြင့် ကရင်ပြည်နယ်အတွင်းပိုင်းကို ပြောင်းရွှေ့သွားကြပြီး လုပ်ငန်းခွင်နေရာတွေကိုလည်း ပြောင်းလွယ်ရွှေ့လွယ် အစုငယ်တွေအဖြစ် ပြောင်းလဲလည်ပတ်နေကြပါတယ်။ ကျားဖြန့်လုပ်ငန်းတွေဟာ မြဝတီမြို့နယ်ထဲက KNA ထိန်းချုပ်ဒေသတွေဖြစ်တဲ့ သစ်ကတေရွာနဲ့ ဖားကလူရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူအနီးတဝိုက်က DKBA ထိန်းချုပ်ထားတဲ့ ရွာတွေဆီကို ပျံ့နှံ့သွားပါတယ် [ISP ညွှန်းပြမြေပုံ ၀၂၀/၂၀၂၆ (ISP-M2026-020) ကို ရှုပါ]။

# အွန်လိုင်းလိမ်လည်မှု ကျားဖြန့်လုပ်ငန်းများ ဆက်လက်တည်ရှိနေ

ကရင်ပြည်နယ်အတွင်းရှိ ရွှေကုက္ကိုလ်နှင့် KK Park တို့ကို ဝင်ရောက်စီးနင်းဖြိုခွင်းပြီးနောက် အွန်လိုင်းလိမ်လည်မှု ကျားဖြန့်လုပ်ငန်းများသည် အစုငယ်များအဖြစ် ပျံ့နှံ့သွားကြသည်။ ရွှေ့ပြောင်းသွားသည့် ကျားဖြန့်လုပ်ငန်းများကို မြဝတီနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များရှိ KNA နှင့် DKBA ထိန်းချုပ်နယ်မြေများအတွင်း တွေ့ရှိရသည်။




**ဒေတာအချက်အလက်-၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်အထိ။** ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်သည်။ ဒေတာရရှိမှု အကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

၅

## နိဂုံး

ကရင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခဟာ တဖက်ဖက်က အပြတ်မနိုင်တော့တဲ့၊ ဘယ်သူမှ ယတိပြတ် မရှုံးနိုင်တော့ဘူး (stalemate) ဆိုတဲ့အဆင့်ကို ရောက်နေပါတယ်။ ဒါပေမဲ့ လက်နက်ကိုင်အဖွဲ့အသီးသီးက ကိုယ့်ရဲ့ရပ်တည်မှု ခိုင်မာအောင် ကြိုးပမ်းနေမှာဖြစ်လို့ တိုက်ပွဲတွေ ဆက်ပြီး ရှည်ကြာဦးမယ့်အလားအလာမျိုး တွေ့ရပါတယ်။ ကရင်ဒေသအတွင်း ပဋိပက္ခစီးပွားရေးနဲ့ လက်နက်ကိုင်ပဋိပက္ခကို ကိုင်တွယ်တဲ့အခါ စစ်ရေးအရ တုံ့ပြန်မှုတွေ၊ စီးပွားရေးအရ အကျိုးစီးပွားကွန်ရက်တွေနဲ့ ဒေသတွင်း အင်အားချိန်ခွင်လျှာတွေ ပေါင်းစပ်သက်ရောက်နေတာကြောင့် အလွှာစုံစဉ်းစားပြီး ချဉ်းကပ်နိုင်ပါတယ်။ နည်းပေါင်းစုံရှိနိုင်တဲ့အထဲမှာ လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းနဲ့ ခေါင်းဆောင်တွေရဲ့ အခန်းကဏ္ဍ အားကောင်းလာအောင် ပြန်လည်တည်ဆောက်ရေးကို ဦးစားပေးပြီး မြန်မာစစ်တပ်အပါအဝင် လက်နက်ကိုင်အဖွဲ့အသီးသီးအပေါ် အောက်ခြေလူထုဖိအားနဲ့ ထိန်းကျောင်းတာမျိုး ရည်မှန်းနိုင်ပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံနဲ့ မြန်မာ့ပဋိပက္ခပါဝင်ဖက်တွေအကြား ဆက်ဆံရေးကိုအခြေခံပြီး လူထုအကျိုးစီးပွားအပေါ် သက်ရောက်စေနိုင်တဲ့ နည်းလမ်းတွေ ဖော်ဆောင်တာ ထိုင်းနိုင်ငံကိုဗဟိုပြုပြီး တရုတ်နိုင်ငံနဲ့ အခြားသောနိုင်ငံတွေ ပါဝင်နိုင်တဲ့ မူဘောင်တရပ် တည်ဆောက်တာကလည်း ရွေးချယ်စရာ ဖြစ်နိုင်ပါတယ်။ အတိတ်အတွေ့အကြုံတွေအရ ခေါင်းဆောင်ပိုင်းနဲ့ လူတစုအကျိုးစီးပွားအတွက် အပေးအယူလုပ်တာတွေဟာ ရေတိုတည်ငြိမ်မှုပေးနိုင်ပေမဲ့ လူထုအကျိုးစီးပွားမပါရင် ရေရှည်မတည်မြဲနိုင်တာ သတိပြုစရာပါပဲ။ ဒေသအဆင့် အရင်းအမြစ်စီမံခန့်ခွဲမှုနဲ့ ဝင်ငွေခွဲဝေမှုတွေမှာ လူထုကိုယ်စားပြုမှု ပါဝင်နိုင်ရေးက အရေးကြီးပါတယ်။ ဒေသဆိုင်ရာ အုပ်ချုပ်ရေးစနစ်တွေကို ခိုင်မာအောင် တည်ဆောက်ရာမှာလည်း လူထုဝန်ဆောင်မှုပေးနိုင်ဖို့နဲ့ တရားမျှတမှုပေါ်ထွန်းစေရေး စတာတွေက အရေးပါတဲ့ကိစ္စရပ်တွေဖြစ်ပါတယ်။ ■

# နောက်ဆက်တွဲ။ **အရေးပါမှုအဆင့် သတ်မှတ်ပုံနည်းနာ**

လေ့လာဆန်းစစ်မှုတွင် ပါဝင်သော လမ်း၊ တံတား၊ နယ်စပ်ကုန်သွယ်ရေးစခန်း၊ ဓာတ်အားပေးစက်ရုံ စသည်ဖြင့် အခြေခံအဆောက်အအုံများ၊ ကုန်သွယ်ရေးလမ်းကြောင်းများနှင့် အခွန်ဂိတ်များ၏ အရေးပါမှုအဆင့်ကို ခွဲခြားသတ်မှတ်ရာ၌ စံနှုန်းသုံးရပ်အပေါ် အခြေခံခဲ့ပါသည်။ ထိုသုံးရပ်မှာ (၁) တည်နေရာ၊ (၂) စီးပွားရေးနှင့် (၃) လုံခြုံရေးအရ အရေးပါမှု ရှိ၊ မရှိ တို့ဖြစ်ပါသည်။

တည်နေရာ၏အရေးပါမှုကို သတ်မှတ်ရာတွင် တရုတ်-မြန်မာစီးပွားရေးစင်္ကြံအပါအဝင် အခြား ဒေသတွင်းပေါင်းစည်းရေး အစီအမံများနှင့် ချိတ်ဆက်နေမှု၊ သယ်ယူပို့ဆောင်ရေးအတွက် အရေးပါမှု၊ နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ချိတ်ဆက်နေမှု စသော အချက်အလက်များအပေါ် အခြေခံပါသည်။ စီးပွားရေး၏အရေးပါမှုကို သတ်မှတ်ရာတွင် ဒေသနှင့် နိုင်ငံအဆင့်အထိ စီးပွားရေးအရ အထောက်အပံ့ဖြစ်မှု၊ လက်နက်ကိုင်အဖွဲ့များအတွက် ငွေကြေးအရင်းအမြစ်ဖြစ်မှု စသည်တို့ကို အခြေခံပါသည်။ လုံခြုံရေး၏အရေးပါမှုအတွက်ကိုမူ စစ်ဆင်ရေးနှင့် စစ်ရေးအတွက် အထောက်အပံ့ဖြစ်မှုအခြေအနေအပေါ် အခြေခံပါသည်။ သတ္တုတွင်းများကို လေ့လာရာ၌ စီးပွားရေးအရအရေးပါမှု၊ အိမ်နီးချင်းနိုင်ငံများ (တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံ)အတွက် အရေးပါမှုနှင့် ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်အတွက် အရေးပါမှု စသော စံနှုန်းသုံးရပ်အပေါ် အခြေခံ၍ အရေးပါမှုအဆင့်ကို ခွဲခြားသတ်မှတ်ပါသည်။ စံနှုန်းတခုချင်းစီတိုင်းကို တိုင်းတာနိုင်မည့် ညွှန်းကိန်းများကိုလည်း အသေးစိတ် ပြုစုထားပါသည်။ တိုင်းတာသည့်အခါ ကိန်းဂဏန်းအခြေပြု အမှတ်ပေးခြင်းနည်းနာနှင့် အကြောင်းအရာအခြေပြု အမှတ်ပေးနည်းနာတို့ကို ပေါင်းစပ်အသုံးပြုထားသည်။

## နယ်မြေထိန်းချုပ်မှုအခြေအနေ သတ်မှတ်ပုံနည်းနာ

လေ့လာဆန်းစစ်မှုတွင် ပါဝင်သော ထိန်းချုပ်နယ်မြေအခြေအနေများကို ပိုင်းခြားရာတွင် အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ထားပါသည်။

**အပြည့်အဝထိန်းချုပ်ခြင်း** (Full Control)

လက်နက်ကိုင်အဖွဲ့တခု (သို့) ထိုလက်နက်ကိုင်အဖွဲ့၏ အမိန့်ပေးကွပ်ကဲမှုအောက်တွင်ရှိနေသော အခြားလက်နက်ကိုင်အဖွဲ့တခုက အပြည့်အဝထိန်းချုပ်ထားသည့် အခြေအနေကို ဆိုလိုသည်။

**ထိန်းချုပ်နိုင်ရန် အားပြိုင်နေခြင်း** (Contested Control)

လက်နက်ကိုင်အဖွဲ့တခုခုက အပြည့်အဝထိန်းချုပ်ထားခြင်းမရှိသေးဘဲ ထိန်းချုပ်နိုင်ရန် လက်နက်ကိုင်အဖွဲ့များအကြား အားပြိုင်ကြိုးပမ်းနေသည့် အခြေအနေကို ဆိုလိုသည်။

**ညှိနှိုင်း/မျှဝေထိန်းချုပ်ခြင်း** (Shared/Negotiated Control)

လက်နက်ကိုင်အဖွဲ့များအကြား တရားဝင်သဘောမဟုတ်ဘဲ ညှိနှိုင်းထိန်းချုပ်ထားသော အခြေအနေကို ဆိုလိုသည်။

+၆၆ ၈၀၇ ၇၄၇ ၉၇၁၂

စာတိုက်သေတ္တာအမှတ် ၁၄၉၊ ချင်းမိုင်တက္ကသိုလ်စာတိုက်၊ ချင်းမိုင်၊ ထိုင်းနိုင်ငံ။
info@ISPMyanmar.com | www.ISPMyanmar.com